# ရက်လွှန်ရပ်နား(နေထိုင်)သော နိုင်ငံခြားသားများ ရန်ပုံငွေဖြင့်ပံ့ပိုးထားသော COVID-19 ကာကွယ်ဆေးကို ယုံကြည်စိတ်ချစွာ ထိုးနှံနိုင်ရေးအစီအစဉ် Q&A

ထုတ်လုပ်မှုအဖွဲ့အစည်း- ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာန (နိုင်ငံတကာနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့)
နောက်ဆုံးအပ်ဒိတ်လုပ်ထားသည့်ရက်စွဲ - ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၁၀ရက်

**Q1: ကျွန်တော်/မသည် ထိုင်ဝမ်နိုင်ငံ၌ ရက်လွှန်ရပ်နား(နေထိုင်)သော နိုင်ငံခြားသားဖြစ်ပါက အစိုးရဘတ်ဂျက်ငွေဖြင့် ထိုးနှံနိုင်သော COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် မည်သို့မှတ်ပုံတင်ရမည်နည်း။**

A: ရက်လွှန်ရပ်နား(နေထိုင်)သော နိုင်ငံခြားသားများ (နိုင်ငံခြားသားများ၊ တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ မကာအိုဒေသများမှ လာရောက်သူများ သို့မဟုတ် ထိုင်ဝမ်ပြည်တွင်းရှိ နိုင်ငံမဲ့နေသူများ) အောက်ဖော်ပြပါ ကာကွယ်ဆေးထိုးနှံနိုင်သော နည်းလမ်းများကို ကြည့်ရှုလေ့လာပေးပါရန်။

၁။ သက်သေခံစာရွက်စာတမ်းမရှိသူများ - ယနေ့မှစတင်၍ ထိုင်ဝမ်ပြည်တွင်းရှိ ကက်သလစ်ခရစ်ယာန်ဘာသာရေးအသင်းတော်နှင့် အသင်းအဖွဲ့များ၊ တရုတ်နိုင်ငံအစ္စလာမ်ဘာသာရေးအသင်းအဖွဲ့၊ တရုတ်သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအသင်းအဖွဲ့အစရှိသော အရပ်ဘက်အဖွဲ့အစည်းများသို့ ဆက်သွယ်ပါ။ (ကျွန်ုပ်တို့ဌာန၏ ကမ္ဘာလုံးဆိုင်ရာအချက်အလက်ဝဘ်ဆိုဒ်၌ ရှာဖွေနိုင်ပါသည်။ ဝဘ်ဆိုဒ်လိပ်စာမှာ ဖော်ပြပါ https://www.immigration.gov.tw/5385/7229/7238/288156/ အတိုင်းဖြစ်သည်။) ဝဘ်ဆိုဒ်၌ "အစိုးရဘတ်ဂျက်ဖြင့် COVID-19 ကာကွယ်ဆေးထိုးနှံနိုင်ရန် မှတ်ပုံတင်ခြင်း" အပိုင်းကို လုပ်ဆောင်ပါ။ ထို့နောက်

အကြောင်းကြားသည့်အချိန်အတိုင်း သင်၏နိုင်ငံကူးလက်မှတ်၊ နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် အခြားသောသက်သေခံစာရွက်စာတမ်းများကို ယူဆောင်၍ မြူနီစီပယ်၊ ခရိုင်(မြို့) အသီးသီးရှိ သတ်မှတ်ထားသော ဆေးဘက်ဆိုင်ရာဌာနများ သို့မဟုတ် အခြားသောကာကွယ်ဆေးထိုးနှံနိုင်သောနေရာများသို့ ကာကွယ်ဆေး သွားရောက်ထိုးနှံပါ။

၂။ သက်သေခံစာရွက်စာတမ်းရှိသူများ - နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် ကျန်းမာရေးအာမခံကတ်ပြား၊ ပေါင်းစည်းထားသော သက်သေခံနံပါတ်၊ နိုင်ငံကူးလက်မှတ် အစရှိသော သက်သေခံစာရွက်စာတမ်းများကို ယူဆောင်၍ မြူနီစီပယ်၊ ခရိုင်(မြို့) အသီးသီးရှိ သတ်မှတ်ထားသော ကာကွယ်ရေးထိုးနှံနိုင်သောနေရာများ သို့မဟုတ် ဆေးဘက်ဆိုင်ရာဌာနများသို့ ကာကွယ်ဆေး ထိုးနှံရန် သွားရောက်စုံစမ်းပါ။

**Q2: စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးနည်းလမ်းဖြစ်သော " စုံစမ်းစစ်ဆေးမှုအတွက် အခြေခံအဖြစ် လုပ်ဆောင်မည်မဟုတ်" ဟူသည်မှာ အဘယ်နည်း။**

A: အလုပ်သမားဝန်ကြီးဌာန၏ အလုပ်သမားဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ သို့မဟုတ် အခြားသောဘာသာရေး၊ NGO အဖွဲ့အစည်းများမှ တင်ပြထားသည့် ကာကွယ်ဆေးစာရင်းများသည် **<u>ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ၌ ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းရေးသွင်းခြင်းအတွက်သာ အသုံးပြုမည်ဖြစ်ပြီး အနာဂတ်စုံစမ်းစစ်ဆေးမှုများအတွက် အခြေခံအဖြစ် အသုံးပြုမည်မဟုတ်ကြောင်းကို</u>** ရည်ညွှန်းခြင်းဖြစ်သည်။ သင့်အနေဖြင့် မိမိကိုယ်ကို ကာကွယ်မှုစွမ်းရည်အပိုင်း၌ တိုးတက်ကောင်းမွန်လာစေရန်

ကာကွယ်ဆေးကို စိတ်ချလက်ချ ထိုးနှံနိုင်ပါသည်။

**Q3: စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးနည်းလမ်းဖြစ်သော " ထိန်းချုပ်မည်မဟုတ်" ဟူသည်မှာ အဘယ်နည်း။**

A: **ကိုယ်တိုင်ဝန်ခံထားသူများ COVID-19 ကာကွယ်ဆေး ၁ ကြိမ်ကို ထိုးနှံပြီးပါက** နှစ်နိုင်ငံ နိုင်ငံတကာလေကြောင်းလိုင်းများ (ပုံမှန်ပြန်လည်လည်ပတ်မှု) မှ **၆ လ အတွင်း ထွက်ခွာရမည်ဖြစ်ပြီး ပြည်တွင်းသို့ ဝင်ရောက်ခွင့် (ခွင့်ပြုချက်မရှိ) တားမြစ်ကာလကို ပယ်ဖျက်ပေးမည်ဖြစ်ကြောင်းကို** ရည်ညွှန်းခြင်းဖြစ်သည်။

**Q4: စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးကာလသည် ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၃ရက်မှ ၂၀၂၂ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့ထိ ဖြစ်သည်။ သက်တမ်းထပ်တိုးပေးမည်လား။**

A: ကျွန်ုပ်တို့ဌာနသည် ဗဟိုကပ်ရောဂါညွှန်ကြားရေးစင်တာ၏ အထူးပြင်းထန်အဆုတ်ရောင်ကူးစက်ရောဂါစီမံကိန်းနှင့် မြှင့်တင်ရေးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးကာလသည် ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၃ရက်မှ ၂၀၂၂ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့ထိ ဖြစ်သည်။ **ကပ်ရောဂါညွှန်ကြားရေးစင်တာ၏ ကပ်ရောဂါကာကွယ်ရေး မူဝါဒပေါ်မူတည်၍ အဆိုပါစီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးကာလကို ပြောင်းလဲမည်။** ကျွန်ုပ်တို့ဌာနမှ ထုတ်ပြန်ထားသော သက်ဆိုင်ရာအချက်အလက်များကို အဆက်မပြတ်ဂရုပြုပေးပါရန်။

**Q5: အကယ်၍ ကျွန်တော်/မ၏ နိုင်ငံကူးလက်မှတ်နှင့် နေထိုင်ခွင့်ကတ်ပြား သက်တမ်းကုန်ဆုံး၊ ပျောက်ဆုံးပြီး အခြားသော သက်သေခံစာရွက်စာတမ်းများကို မဖော်ပြနိုင်ပါက ကာကွယ်ဆေးထိုးနှံရန် ရက်ချိန်းယူနိုင်ပါသလား။**

A: ယူနိုင်ပါသည်။ သင့်အနေဖြင့် **ကာကွယ်ဆေးထိုးနှံရန်**

**ရက်ချိန်းယူသည့်အပိုင်းကို တာဝန်ယူဆောင်ရွက်ပေးသော ဘာသာရေး၊ NGO အဖွဲ့အစည်းများ၌ မိမိ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကြိုတင်ပေးသွင်းရမည်**။ ထို့နောက် အဆိုပါအဖွဲ့အစည်းများမှ ကျွန်းပ်တို့ဌာနသို့ နာမည်စာရင်းအချက်အလက်များ မှန်ကန်ခြင်းရှိမရှိလုပ်ဆောင်မည်။ အကယ်၍ ပေါင်းစည်းထားသောသက်သေခံနံပါတ် မရှိသူများအား ကျွန်းပ်တို့ဌာနမှ ပေါင်းစည်းထားသော သက်သေခံနံပါတ်ကို တိုက်ရိုက်ပေးမည်ဖြစ်သည်။ ထိုအချိန်တွင် သင့်အနေဖြင့် ဘာသာရေး၊ NGO အဖွဲ့အစည်းများ **အကြောင်းကြားသည့်အတိုင်း သတ်မှတ်ထားသော အချိန်၌ မြူနီစီပယ်၊ ခရိုင်(မြို့)အသီးသီးရှိ ဆေးဘက်ဆိုင်ရာဌာနများ သို့မဟုတ် အခြားသောကာကွယ်ဆေးထိုးနှံနိုင်သောနေရာများသို့ ကာကွယ်ဆေး သွားရောက်ထိုးနှံပါ**။

**Q6: ဘာသာရေး၊ NGO အဖွဲ့အစည်းများသည် ကာကွယ်ဆေးထိုးနှံရန် ရက်လွန်ရပ်နား(နေထိုင်)သော နိုင်ငံခြားသားများအား မည်သို့ကူညီမည်နည်း။**

A: သင့်ကို ကူညီပေးနိုင်သောအဖွဲ့အစည်းများဖြစ်သော ထိုင်ဝမ်ပြည်တွင်းရှိ ကက်သလစ်ခရစ်ယာန်ဘာသာရေးအသင်းတော်နှင့် အသင်းအဖွဲ့များ၊ တရုတ်သမ္မတနိုင်ငံအစ္စလာမ်ဘာသာရေးအသင်းအဖွဲ့၊ တရုတ်သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအသင်းအဖွဲ့အစရှိသော အရပ်ဘက်အဖွဲ့အစည်းများ (ကျွန်းပ်တို့ဌာနဝဘ်ဆိုဒ်၌ သတ်မှတ်ထားသောအဖွဲ့အစည်းများကို သွားရောက်ရှာဖွေနိုင်သည်။ ဝဘ်ဆိုဒ်လိပ်စာမှာ ဖော်ပြပါ https://www.immigration.gov.tw/5385/7229/7238/288

156/ အတိုင်းဖြစ်သည်။) ၌ ကာကွယ်ဆေးထိုးနှံရန် မှတ်ပုံတင်သွင်းနိုင်သည်။ **<u>အကယ်၍ သင်နှင့်သက်ဆိုင်သည့် အရပ်ဘက်အဖွဲ့အစည်းများသည် ဤစီမံကိန်းကို မြှင့်တင်ရန်နှင့် သက်ဆိုင်သူများအား မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သော</u>** ကိစ္စရပ်များကို **<u>အကူအညီပေးလိုပါက</u>** ကျေးဇူးပြု၍ **<u>အလုပ်သမားဝန်ကြီးဌာန၏ အလုပ်သမားဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ကျန်းမာရေးနှင့်ဝန်ထမ်းဌာနကို ဆက်သွယ်ပြီး ဆက်သွယ်နိုင်သော လူပုဂ္ဂိုလ်ကို ရယူပါ</u>**။

**Q7: ရက်လွန်ရပ်နား(နေထိုင်)သော နိုင်ငံခြားသားများ အကယ်၍ ဘာသာရေး၊ NGO အဖွဲ့အစည်းများ၌ ကာကွယ်ဆေးထိုးနှံရန် မှတ်ပုံတင်ထားခြင်းမရှိပါက ဆေးဘက်ဆိုင်ရာဌာနများသို့ ကာကွယ်ဆေးကို တိုက်ရိုက်သွားရောက်ထိုးနှံနိုင်မည်လား။**

A: **<u>ထိုးနှံနိုင်ပါသည်</u>**။ သို့သော် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းသည် ကျန်းမာရေးနှင့်ဝန်ထမ်းဌာန၏ အထူးအဖွဲ့အား ကိုယ်ရေးကိုယ်တာအချက်အလက်များကို အတည်ပြုရာတွင် အကူအညီပေးနိုင်ရန် လိုအပ်ဦးမည်ဖြစ်သည်။ ပေါင်းစည်းထားသော သက်သေခံလက်မှတ်မရှိသူများအား ကျန်းမာရေးနှင့်ဝန်ထမ်းဌာနမှ ပေါင်းစည်းထားသော သက်သေခံနံပါတ်ကို တိုက်ရိုက်ပေးမည်ဖြစ်သည်။ **<u>ထိုင်ဝမ်ပြည်တွင်းရှိ ကက်သလစ်ခရစ်ယာန်ဘာသာရေးအသင်းတော်နှင့် အသင်းအဖွဲ့များ၊ တရုတ်သမ္မတနိုင်ငံအစ္စလာမ်ဘာသာရေးအသင်းအဖွဲ့၊ တရုတ်သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအသင်းအဖွဲ့အစရှိသော အရပ်ဘက်အဖွဲ့အစည်းများ</u>** (ကျန်းမာရေးနှင့်ဝန်ထမ်းဌာနဝဘ်ဆိုဒ်၌ သတ်မှတ်ထားသောအဖွဲ့အစည်းများကို သွားရောက်ရှာဖွေနိုင်သည်။ ဝဘ်ဆိုဒ်လိပ်စာမှာ ဖော်ပြပါ https://www.immigration.gov.tw/5385/7229/7238/288

156/ အတိုင်းဖြစ်သည်။) **၌ စုံစမ်းမေးမြန်းပြီး ကာကွယ်ဆေးထိုးနှံသည့်နေရာတွင် သင်မည်သူမည်ဝါဖြစ်သည်ကို စစ်ဆေးရာတွင်လည်း အချိန်များစွာ မကုန်ဆုံးစေရန် ကာကွယ်ဆေးထိုးရန် ကြိုတင်ရက်ချိန်းယူပါရန် အကြံပြုလိုပါသည်။**

**Q8: ဆေးဘက်ဆိုင်ရာဌာန ဆိုက်များ၌ ဘာသာပြန်ဝန်ဆောင်မှုများကို ထောက်ပံ့ထားပါသလား။**

A: **ဆေးဘက်ဆိုင်ရာဌာနများတွင် ပုံသေတာဝန်ကျ ကျွမ်းကျင်စကားပြန်များ ထားရှိထားခြင်းမရှိပါ**။ ကျွန်ုပ်တို့ဌာန၏ အထူးအဖွဲ့သည် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ၏ အမှန်တကယ်လိုအပ်ချက်များအပေါ်မူတည်၍ အွန်လိုင်း (ဆိုက်) စကားပြန်ဝန်ဆောင်မှုများ ထောက်ပံ့ပေးဆောင်ရန် ကူညီပေးခြင်း **သို့မဟုတ် အွန်လိုင်းဘာသာပြန်ဆိုမှုအတွက် အလုပ်သမားဝန်ကြီးဌာန၏ 1955 အလုပ်သမားရေးရာ ဆွေးနွေးညှိနှိုင်းရေးဆိုင်ရာ ဟော့လိုင်းသို့ ဆက်သွယ်ပါ။**

**Q9: ကျွန်တော်/မ အနေဖြင့် ဤစီမံကိန်းဆိုင်ရာအချက်အလက်များကို မည်သည့်ချန်နယ်မှ ရယူနိုင်မည်နည်း။ သို့မဟုတ် စုံစမ်းမေးမြန်းနိုင်မည်နည်း။**

A: သက်ဆိုင်ရာ **အဆိုပါစီမံကိန်းအချက်အလက်များကို "တရုတ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ ကမ္ဘာလုံးဆိုင်ရာအချက်လက်ဝဘ်ဆိုဒ်" တွင် အချိန်မှန်အပ်ဒိတ်လုပ်ဆောင်ပေးလျက်ရှိသည်**။ နောက်ဆုံးရအချက်အလက်များကို (ဘာသာစကားဗားရှင်းများစွာရှိသော http://www.immigration.gov.tw/ ဝဘ်ဆိုဒ်) ၌ ရှာဖွေနိုင်သည်။ ထို့အပြင်

သက်ဆိုင်ရာအချက်အလက်ပေါင်းများစွာကို သိရှိနိုင်ရန် **မြူနယ်စီပယ်၊ ခရိုင်(မြို့) အသီးသီးရှိ ကျွန်ုပ်တို့ဌာန၏ အထူးအဖွဲ့၊ ဝန်ဆောင်မှုဌာနများနှင့် အလုပ်သမားဝန်ကြီးဌာန၏ 1955 အလုပ်သမားရေးရာ ဆွေးနွေးညှိနှိုင်းရေးဆိုင်ရာ ဟော့လိုင်း** (ဘာသာစကားပေါင်းများစွာဖြင့် ထောက်ပံ့ပေးလျက်ရှိသည်) **သို့ ဆက်သွယ်ပါ**။

**Q10: ဤစီမံကိန်းတွင် ပါဝင်သော "စုံစမ်းစစ်ဆေးခြင်းမရှိ" ဆိုသည့် တိကျသောအကြောင်းအရာများမှာ အဘယ်နည်း။**

A: **ရက်လွန်ရပ်နား(နေထိုင်)သော နိုင်ငံခြားသားများ ကာကွယ်ဆေးထိုးနှံရာတွင် ပေးသွင်းထားသော အခြေခံကိုယ်ရေးကိုယ်တာအချက်အလက်များသည် ကာကွယ်ဆေးထိုးနှံထားကြောင်းသက်သေခံကတ်ပြား (အဝါရောင်ကတ်ပြား) ထုတ်ပေးရာတွင်သာ အသုံးပြုမည်ဖြစ်သည်။ ရဲ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးကဲ့သို့သော ပြည်သူ့လုံခြုံရေးအဖွဲ့အစည်းများသည် COVID-19 ကာကွယ်ဆေးထိုးနှံနိုင်သော ဆေးဘက်ဆိုင်ရာဌာနများနှင့် အခြားသောသတ်မှတ်နေရာများတွင် စုံစမ်းစစ်ဆေးမှုကို လုပ်ဆောင်မည်မဟုတ်ပါ။** ရက်လွန်ရပ်နား(နေထိုင်)သော နိုင်ငံခြားသားများ ကာကွယ်ဆေးထိုးနှံစဥ်အတွင်းလည်း တိုင်ကြားစစ်ဆေးခံရခြင်းရှိမည်မဟုတ်ပါ။ **သို့သော် ပြည်သူ့လုံခြုံရေးအဖွဲ့အစည်းများသည် အခြားသောတာဝန်ထမ်းဆောင်ချိန်များ၊ အခြားသောနေရာများတွင် ရက်လွန်ရပ်နား(နေထိုင်)သော နိုင်ငံခြားသားများကို တွေ့ရှိပါက စုံစမ်းစစ်ဆေးပြီး တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။**